ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ (၁၆.၁၂.၂၀၁၉)ရက်နေ့တွင် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ တင်သွင်းသည့် အဆိုဆိုင်ရာဆောင်ရွက်ချက်များ**

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ ယခု ဒေါ်နန်းခင်ထားရီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်။ ကျွန်မ တင်သွင်းမည့် အဆို ကတော့ **"ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေး ရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက် ပေးရန် တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်ရှင်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့်လူမျိုးများနှင့် အရေအတွက်များပြားလှသည့် လူမျိုးစုများ စုပေါင်းနေထိုင်ရာ တိုင်းပြည် (Multi National State) ဖြစ်ပါတယ်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အဓွန့်ရှည်စွာ တည်တံ့ရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးသည် ထိုလူမျိုးနှင့် လူမျိုးစုတို့ တစ်ဦးနှင့်တစ်ဦး အချင်းချင်း ရိုင်းပင်းကူညီ၊ ဥမကွဲသိုက်မပျက်၊ စည်းစည်းလုံးလုံးနှင့် အေးအတူပူအမျှ ညီရင်းအကိုများသဖွယ် ပူးပေါင်း ဆောင်ရွက်ရေးပေါ်တွင် မူတည်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များသည် အဓိကတာဝန်ကြီး (၃)ရပ်ကို ထမ်းဆောင်နေကြသူများ ဖြစ်ပါတယ်။ ဥပဒေပြုမဏ္ဍိုင်မှ တာဝန်ရှိသူများဖြစ်၍ Law Maker များဖြစ်သလို ကျန်လုပ်ငန်းတာဝန်(၂)ရပ်မှာ Representation နှင့် Oversight လုပ်ခြင်း တာဝန်များကို ထမ်းဆောင်ရပါတယ်။ ပြည်သူတို့၏ အသံများကိုလည်း လိုအပ်သလို လွှတ်တော်တွင် အဆို (သို့မဟုတ်) မေးခွန်းတို့ဖြင့် ဖော်ဆောင်ရပါသေးတယ်။

လုံခြုံရေးကဏ္ဍကို ဆွေးနွေးတင်ပြရလျှင် ရှမ်းမြောက်ဒေသတွင် ဇူလိုင်လမှစ၍ ဖြစ်ပွားနေသော တိုက်ပွဲများကို သုံးသပ်ကြည့်မည်ဆိုလျှင် မြို့တွင်းထိ လက်နက်ကိုင် တပ်ဖွဲ့များက ဝင်ရောက်ခြင်း၊ ဥပမာ- အောက်တိုဘာလ **၉** ရက်နေ့၌ သိန္နီမြို့လယ်ခေါင်တွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုများသည် လုံခြုံရေးစည်းမရှိခြင်းကြောင့်ပင်ဖြစ်ပါတယ်။ အပြစ်မဲ့ ပြည်သူ **၇** ဦးက ထိခိုက်ဒဏ်ရာရပြီး၊ လူနေအိမ် ၁၃ လုံး၊ အိမ်စီးကား ၂စီး၊ ခရီးသည် တင်မှန်လုံယာဉ် ၁ စီး၊ ပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်း ကျပ်သိန်း ၂၅၀ ခန့် ဆုံးရှုံးခဲ့ရပါတယ်။ သိန္နီမြို့မှာပဲ အောက်တိုဘာ **၁၁** ရက်နေ့ ရပ်ကွက် **၃** တွင်လည်း သံသယဖြစ်ဖွယ်ဟု ယူဆပြီး ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ **၂** ဦး ထပ်မံထိခိုက်ဒဏ်ရာရခဲ့ပါတယ်။ သိန္နီမြို့တွင်း ထိခိုက်ပစ်ခတ်မှုကြောင့် တပ်မတော်သား **၃** ဦး နိုင်ငံတော်အတွက် အသက်ပေးဆပ်ခဲ့ရသည် ကိုလည်း မိသားစုနှင့် ထပ်တူ ဝမ်းနည်းရသလို တိုင်းပြည်အတွက် ဂုဏ်ယူမိပါကြောင်းနှင့် ဒဏ်ရာရ စစ်သည်တော်များ အတွက်လည်း စိတ်မကောင်းဖြစ်မိပါကြောင်း တင်ပြအပ် ပါတယ်။

လူတစ်ဦးတစ်ယောက်စီ၏ လုံခြုံရေး၊ ရပ်ကွက်ကျေးရွာမှသည်မြို့နယ်အဆုံး လုံခြုံမှု မရှိခြင်းကြောင့် မိမိနေအိမ်တွင်း ဘုရားရှိခိုးနေစဉ်၊ အိမ်အလုပ်လုပ်နေစဉ်တွင်ပင် လက်နက် ကြီးကျည်စများ ထိခိုက်၍ ဒဏ်ရာရခြင်း၊ အသက်ဆုံးရှုံးရခြင်းတို့ ဖြစ်ပွားနေသောကြောင့် ပြည်သူများမှာ “ကျီးလန့်စာစား” သကဲ့သို့ ကြောက်စိတ်၊ စိုးရိမ်စိတ်များဖြင့် အသက်မွေးဝမ်း ကျောင်း အလုပ်လုပ်ရင်း နေထိုင်နေကြရပါတယ်။ ယခုဖြစ်စဉ်များကို သုံးသပ်ရလျှင် ခြံစည်းရိုးမရှိသည့် အိမ်ကဲ့သို့ အချိန်မရွေး ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက် ဖြစ်နေပါ တယ်။

တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကဏ္ဍကို သုံးသပ်တင်ပြရလျှင် ခိုးဆိုးလုယက်မှုများ၊ တောင်းရမ်းစားသောက်သူများ ပိုမိုများပြားလာခြင်း၊ မုဒိန်းမှုများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ စီးနင်းအသုံးပြုခြင်းနှင့် လူသတ်မှုများသည် နေရာအနှံ့ အပြားတွင် ဖြစ်ပွားလျက်ရှိသည်ကို ကိုယ်တွေ့သော်လည်းကောင်း၊ သတင်းနှင့် Social Mediaများမှ သော်လည်းကောင်း နေ့စဉ်နှင့်အမျှ ကြားသိနေရသည်မှာ အားလုံးအသိပင်ဖြစ် ပါတယ်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းကြောင့်ပင် ဖြစ်ပါတယ်။ ထို့ကြောင့် ရပ်ရွာ အေးချမ်းသာယာရေးကို အဓိကထိခိုက်နေခြင်းပင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ်လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် လောင်းကစားဝိုင်း၊ မူးယစ်ဆေးဝါးတို့နှင့်စပ်လျဉ်းပြီး အဆိုအတည်ဖြစ်ပြီးသော်လည်း အရေးယူမှုမရှိခဲ့သောကြောင့် လောင်းကစားဝိုင်းနှင့် ငါးမန်းဂိမ်းများကိုလည်း တရားဝင်ကစားလို့ရပြီဆိုပြီး Lashio News တွင် တင်ထားသည့် လောင်းကစားဝိုင်းများ ဖမ်းဆီးပေးရန်ဆိုပြီး လားရှိုးသူ အကောင့်ဖြင့် လားရှိုးဟစ်တိုင်တို့တွင် နိုဝင်ဘာလ (၉)ရက်နေ့၌ တင်ထားပြီး ကျွန်မကိုလည်း Messenger မှတစ်ဆင့် ပေးပို့ခဲ့ပါတယ်။ ဤကဲ့သို့ လုပ်ရပ်များသည် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လျက် ရှိပါတယ်။ ဤဖြစ်ရပ်များကို သုံးသပ်ရလျှင် ထိရောက်သည့် ဟန့်တားမှုနှင့် ပြစ်ဒဏ် များမရှိသည့်အတွက် ဥပဒေကို သိသိကြီးနှင့် ချိုးဖောက်နေခြင်းပင် ဖြစ်ပါတယ်။ ဘာကြောင့် အရေးယူဆောင်ရွက်မှု အားနည်းနေလဲဆိုတာကို ပြည်သူလူထုတွေက မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ ကျွန်မတို့ Law Info Emergency တွေ အလုပ်မလုပ်လို့လားဆိုသည့် မေးခွန်းတွေလဲ မေးစရာ အကြောင်းရင်းတွေ ဖြစ်လာပါတယ်။

ဒါကြောင့် ပြည်သူ့အသံကို ဖော်ဆောင်ပေးသည့် လွှတ်တော်ဖြစ်သောကြောင့် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်သူလူထုအတွက် **“တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း”** အဆိုအား ရှမ်းပြည်နယ်လွှတ်တော်မှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးထောက်ခံပေးကြပါရန် လွှတ်တော်ကိုယ်စားလှယ်များအား လေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ တင်သွင်းသော အဆိုဖြစ်သည့် **“ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်**

**ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း”** အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်။ အားလုံးကို လေးစားပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းခင်ထားရီ တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ ယခုအဆိုကို လက်ခံ ဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိသည့်အတွက် ဒေါ်နန်းခင်ထားရီရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက တင်သွင်းတဲ့ အဆိုကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ လ ၁၇ ရက် (အင်္ဂါနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံး ထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၇.၁၂.၂၀၁၉)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ်(၇) ဖြစ်ပါတယ်။ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ **"ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်**

**လုံခြုံရေး ရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက် ပေးရန် တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးဖို့ စာရင်းပေးထားပါတယ်။ ပထမဦးစွာ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းစမ်းစမ်းအေး က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ကျွန်မအနေနဲ့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီ တင်သွင်းသည့် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်သူလူထု အတွက် **"ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရ အနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုနှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ရှေးဦးစွာ လုံခြုံရေးကဏ္ဍကို အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်မတို့ လုံခြုံရေးကဏ္ဍ (Secutiry Sector)လို့ပြောတဲ့နေရာမှာ အဓိကအားဖြင့် ကျွန်မတို့ (Political Security Sector) ကိုပဲ ပြောတာများပါတယ်။ အဲဒီနိုင်ငံရေးအရ ဖြစ်ပေါ်လာတဲ့ လုံခြုံရေးနှင့်ပတ်သက် ပြီးတော့ ကျန်ရှိနေတဲ့ စီးပွားရေး၊ လူမှုရေးလုံခြုံမှု၊ အစားအသောက်လုံခြုံမှု၊ ကျန်းမာရေး လုံခြုံမှု၊ သဘာဝ ဘေးအန္တရာယ်မှ လုံခြုံမှုအပြင် Personal Security (စားဝတ်နေရေးလုံခြုံမှု)၊ ဘေးပတ်ဝန်းကျင် အသိုင်းအဝိုင်းလုံခြုံမှု စသည်ကိုလည်းထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ လက်ရှိကျွန်မတို့ ရှမ်းပြည်နယ်မှာ များသောအားဖြင့် Political Security ၊ insecurity ကနေရရှိလာတဲ့ ရလဒ်အနေနဲ့ ကျွန်မတို့ပြည်သူများဟာ စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုမရှိဘဲ တွေ့ကြုံခံစားနေရပါတယ်။ နိုင်ငံရေးအရဖြစ်ပေါ်လာတဲ့ လုံခြုံမှုပေါ့နော်။ တိုက်ပွဲများမကြာခဏ ဖြစ်နေတယ်။ အဲဒီလိုဖြစ်နေတဲ့အတွက် ပြည်သူများ မိမိဒေသကို စွန့်ခွာရပြီး ထွက်ပြေး တိမ်းရှောင်နေရခြင်း၊ နိုင်ငံခြားသားများအပါအဝင် ပြည်သူများ မြေမြှုပ် မိုင်းများမိပြီးတော့ အသက်သေဆုံးခြင်း တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်မှုကြားမှာ

ပြည်သူများဟာ မြေဇာပင်ဖြစ်ခဲ့ ရပါတယ်။ အဲ့ဒီလို နိုင်ငံရေးရာ လုံခြုံမှုမရှိတဲ့အတွက် ပြည်သူများရဲ့ စီးပွားရေး၊ လူမှုရေးပါ ထိခိုက်လာသည်ကို သီပေါမြို့နယ်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲများကို သာဓကအနေနဲ့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

တိုက်ပွဲများကြောင့် ကျွန်မတို့သီပေါမြို့နယ်မှာဆိုရင် စိုက်ပျိုးရေးအခြေခံပြီးထွက်လာတဲ့ သီးနှံများကို ပြည်ပသို့ တင်ပို့ရောင်းချခွင့် မရှိသည့်အတွက် စီးပွားရေးများ ကျဆင်းခြင်း၊ ဒါ့အပြင် သီပေါမြို့ဟာ ခရီးသွားလုပ်ငန်းကို အဓိကအခြေခံတဲ့မြို့ဖြစ်တဲ့အတွက် တိုက်ပွဲများ မကြာခဏ ဖြစ်ပြီးတဲ့နောက် မြေမြှုပ်မိုင်းများ မကြာခဏနင်းမိတဲ့နောက်မှာ ခရီးသွားလုပ်ငန်းကို များစွာ ထိခိုက်မှုဖြစ်စေပါတယ်။ ယခုနှစ် ၂၀၁၉ ခုနှစ်ကို ပြန်ကြည့်မယ်ဆိုရင် နိုင်ငံခြားခရီးသွား အရေအတွက်ဟာ ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်မယ်ဆိုရင် စာရင်း(၅၀%)ကျော် ကျဆင်းသွား ပါတယ်။ ဒါ့အပြင် ပြည်တွင်းခရီးသွားများလည်း ၇၀% လောက်ကျဆင်းသွားသည်ကိုတွေ့ ရပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ စားသောက်ဆိုင်လုပ်ငန်း၊ သုံးဘီးဆိုင်ကယ်၊ Taxi များငှားရမ်းခြင်းလုပ်ငန်း၊ စက်လှေ ငှားရမ်းခြင်းလုပ်ငန်းဟာလည်း (၅၀%) လောက်ထိ ကျဆင်းသွားသည်ကို တွေ့ရှိရပါတယ်။ အဲ့ဒီလို တိုက်ပွဲများမကြာခဏဖြစ်ပေါ်ခြင်းကြောင့် ရလာတဲ့ အကျိုးဆက် ဖြစ်ပါတယ်။ ဒီနေရာမှာ တင်ပြလိုတာက ကျွန်မတို့ ရှမ်းပြည်နယ် အစိုးရအနေနဲ့ ပြည်သူများရဲ့ လုံခြုံရေးကို ရှေးရှုပြီးတော့ တိုက်ပွဲများ မဖြစ်ခင်နှင့် ဖြစ်နေစဉ် အတွင်းမှာ မိမိတို့နှင့် မသက်ဆိုင်သလိုမနေဘဲ ပြည်သူလူထုများ လုံခြုံရေးအတွက် အချိန်နှင့် တစ်ပြေးညီ ကြိုတင်ကာကွယ်မှုများ၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ ပြန်လည်ပျိုးထောင်ရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရမည့်အပြင် ပြည်သူများရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လုံခြုံမှု ထိခိုက်နစ်နာမှုမရှိအောင် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်သင့်ပါတယ်။

တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်ပတ်သက်ပြီးတော့ တင်ပြရမယ်ဆိုရင် လက်ရှိမှာ ပြည်သူလူထုတစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ ခိုးဆိုးလုယက်မှု၊ လူသတ်မှုတွေဟာ နေ့စဉ်နဲ့အမျှ ကျွန်မတို့ တွေ့မြင်ကြားသိနေရပါတယ်။ လတ်တလော ဖြစ်ပွားခဲ့တဲ့ (၈.၁၂.၂၀၁၉)နဲ့ (၁၄.၁၂.၂၀၁၉)ရက်နေ့တို့မှာ ဖြစ်ပွားခဲ့တဲ့ လားရှိုးမြို့ ပြည်သူ့ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင် (၂)ဦးဟာ ပြည်သူတစ်ဦးရဲ့ ဆိုင်ကယ်အား တားဆီးယူဆောင် ထွက်ပြေးသွားကြောင်း ကျွန်မတို့ကြားသိရပါတယ်။ ဒါဟာ ပြည်သူ့ရဲတပ်ဖွဲ့တစ်ရပ်လုံးကို ပုံရိပ်ကျဆင်း

စေတဲ့လုပ်ရပ်ဖြစ် ပါတယ်။ ပြည်သူကို အကာအကွယ်ပေးရမည့်၊ အကာအကွယ်ပေးရန် တာဝန်ရှိတဲ့ အဖွဲ့အစည်း ကိုယ်တိုင်က ပြည်သူအပေါ် ကျူးလွန်မှုပြုနေတာဟာ မဖြစ်သင့် မဖြစ်အပ်တဲ့ကိစ္စဖြစ်ပါတယ်။ ကျူးလွန်သူ ပြည်သူ့ရဲတပ်ဖွဲ့ဝင်ဝန်ထမ်းကို ထိထိရောက် ရောက်အရေးယူပြီး ရဲတပ်ဖွဲ့အတွင်း ပြုပြင်ပြောင်းလဲမှုများ ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအပြင် ရဲတပ်ဖွဲ့၏ ကျင့်ဝတ်နှင့်အညီ ကြပ်မတ်စွာ ဆောင်ရွက်သင့်ပါ တယ်။ တစ်ဖက်မှာလည်း ခိုးဆိုးလုယက်မှု တွေရဲ့ အဓိကဇစ်မြစ်ဖြစ်တဲ့ မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ရလဒ်လို့ ကျွန်မတို့ သုံးသပ်ယူဆရပါတယ်။ မူးယစ်ဆေးဝါး သုံးစွဲသူတွေများနေခြင်းကြောင့် ပြည်သူလူထုတစ်ရပ်လုံး ရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုတွေကို ထိခိုက်နေပါတယ်။ ဒါကြောင့် ဒီခိုးဆိုး လုယက်မှုအပါအဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုကိုလည်း စီမံချက်ချပြီး ကိုင်တွယ် ဖြေရှင်းသင့်ပါကြောင်း ဆွေးနွေး တင်ပြရင်း ဒေါ်နန်းခင်ထားရီ၏ အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါ စေလို့ ဦးစွာပထမဆုတောင်း မေတ္တာပို့ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ **"ရှမ်းပြည်နယ်တွင် တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေး ချမ်းသာယာရေးနှင့် လုံခြုံရေးရရှိစေရန် ရှမ်းပြည်နယ်အစိုးရမှ စီမံချက် ချမှတ်၍ အကောင် အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်နန်းခင်ထားရီ၏ အဆိုကို လေ့လာကြည့်တဲ့အခါ အပိုင်း(၂)ပိုင်းခွဲပြီး တင်ပြသွားတာကို လေ့လာတွေ့ရှိရပါတယ်။ ပထမ အပိုင်းအနေနဲ့ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအပိုင်းဖြစ်ပြီး ဒုတိယ အပိုင်းကတော့ လုံခြုံရေးအပိုင်းပဲ ဖြစ်ပါတယ်။

ပထမအပိုင်းဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးသည် မြန်မာ နိုင်ငံရဲတပ်ဖွဲ့၏ လုပ်ဆောင်ရမည့်အပိုင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက် တာဝန်(၄)ရပ်တွင်

(၁) ပြည်တွင်းလုံခြုံရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး

(၂) တရားဥပဒေစိုးမိုးရေး(Rule of Law)

(၃) မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး

(၄) ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေးတို့ ဖြစ်ပါ တယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားသလို ကျွန်တော်တို့ နိုင်ငံသားအများစုသည် တရားဥပဒေစိုးမိုးမှု အားနည်းနေခြင်းကြောင့် ရပ်ရွာအေးချမ်းသာယာမှု ကင်းမဲ့နေပြီး တစ်ချို့သော ဒေသတွေမှာ ကျီးလန့်စာစား နေရတဲ့အခြေအနေမျိုးရောက်ရှိနေတာတွေ့ရှိရ ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာတင်မကပါဘူး၊ မန္တလေးလို မြို့ကြီးတွေမှာတောင် နေ့လယ် ကြောင်တောင်မှာ အနုကြမ်းစီးတာ၊ ပစ္စည်းလုယက်တိုက်ခိုက်တာ၊ လည်လှီးပြီး ဆိုင်ကယ်လုတာ၊ အထူးသဖြင့် အမျိုးသမီးတွေရဲ့ ပိုက်ဆံအိတ်တွေလုပြေးတာ နေ့စဉ်လိုလို Online မှာရော၊ သတင်းစာမှာပါ စိတ်မကောင်းစွာ အမြဲတမ်းတွေ့မြင်ကြားသိနေရပါတယ်။ အဲ့ဒီကိစ္စတွေကို ဖမ်းဆီးမိတာရှိသလို ဖမ်းမမိဘဲ လွတ်မြောက်နေတာတွေလည်း အများကြီး ရှိပါတယ်။ မြန်မာနိုင်ငံမှာ နာမည်ကြီးနေတဲ့ လေးလောင်းပြိုင်လူသတ်မှု၊ ငါးလောင်းပြိုင် လူသတ်မှုတွေဟာ နှစ်ကာလကြာမြင့်သော်လည်း ယနေ့ထိ ဖမ်းဆီးရမိခြင်း မရှိသေးတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတဲ့ လူပုဂ္ဂိုလ်တွေလည်း မျက်စိရှေ့မှာတင် ပျောက်ချင်းမလှ ပျောက်သွားတာတွေလည်းအများကြီး ရှိပါတယ်။ ဒါဘာကြောင့်ဖြစ်သလဲဆိုရင် တာဝန်ရှိတဲ့

ပုဂ္ဂိုလ်တွေအနေနဲ့ တာဝန်ကိုတိတိကျကျမဆောင်ရွက်လို့ပဲ ဖြစ်ပါတယ်။တစ်ချို့ဖြစ်ရပ်တွေမှာ CCTV ကင်မရာနဲ့ အထောက်အထား အထင်အရှားရှိပါလျက်နဲ့ တရားခံကို ဖမ်းမမိသေးတာလည်း ဒုနဲ့ဒေးရှိပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံဒေသတော်တော်များများမှာ တရားဥပဒေစိုးမိုးမှု လွန်စွာအားနည်းနေသေးတယ်ဆိုတာ ထင်ရှားပါတယ်။ တရားဥပဒေစိုးမိုးမှု အားနည်းရတဲ့ အကြောင်းရင်းခံကတော့ မူးယစ်သားကောင်များများပြားခြင်း၊ ဒုစရိုက်သမားများ ကို ထိထိရောက်ရောက် မနှိမ်နင်းနိုင်ခြင်း၊ လောင်းကစားမှုများပြားခြင်း၊ ဂိမ်းဆိုင်တွေပေါ်များခြင်း၊ တရားမဝင်ချဲ၊ ထီတွေပေါ်များခြင်းတွေကြောင့်လို့ဆိုရမှာ ဖြစ်ပါတယ်။

အဲဒီအကြောင်းရင်းတွေကြောင့် ခိုးဆိုးတိုက်ခိုက်၊ လုယက်မှုတွေ၊ မုဒိမ်းမှုတွေ၊ လူကုန်ကူးမှု တွေပေါ်များလာပြီး တရားဥပဒေစိုးမိုးမှု အားနည်းလာကာ ရပ်ရွာအေးချမ်းသာယာရေးကို ထိပါးလာတဲ့အတွက် ပြည်သူများအနေနဲ့ ကျီးလန့်စာစား နေရတဲ့ဘဝကိုရောက်ရှိသွားခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးရှိဖို့အတွက် တာဝန်ရှိ ပုဂ္ဂိုလ်များ ဖိဖိစီးစီးဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်းတိုက်တွန်း ဆွေးနွေးလိုပါတယ်။

ဒုတိယအပိုင်းကတော့ လုံခြုံရေးအပိုင်းပဲဖြစ်ပါတယ်။ လုံခြုံရေးလို့ဆိုလိုက်ရင် လူပုဂ္ဂိုလ်၊ အသက်လုံခြုံရေး၊ ပစ္စည်းဥစ္စာလုံခြုံရေးတို့ ပါဝင်ပါတယ်။ လုံခြုံရေးဟာ ငြိမ်းချမ်းရေးနှင့် ဆက်နွယ်သလို ငြိမ်းချမ်းရေးဟာလည်း ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆက်နွယ်နေပါတယ်။ ငြိမ်းချမ်းရေးရှိမှ လူပုဂ္ဂိုလ်ပစ္စည်းဥစ္စာလုံခြုံမှုရှိလာမှာ ဖြစ်သလို ဖွံ့ဖြိုးတိုးတက်မှုဆိုတာလည်း ရှိလာမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမရှိရင် ဖွံ့ဖြိုးမှုမရှိလာသလို လူပုဂ္ဂိုလ်၊ ပစ္စည်းဥစ္စာလုံခြုံမှု ဆိုတာလည်း ဘယ်လိုမှမရှိနိုင်ပါဘူး။ ဒါတွေဟာ အမြဲဒွန်တွဲလျက်ရှိပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်း၊ ပုဒ်မ ၃၅၆ တွင် နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းအရအကာအကွယ်ပေးရမည်ဟု လည်းကောင်း၊ ပုဒ်မ ၃၅၇ တွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ အိမ်၊ ဥပစာနှင့်

ပစ္စည်းလုံခြုံမှု၊ စာပေးစာယူမှုနှင့် အခြားသောဆက်သွယ်ရေးဆိုင်ရာလုံခြုံမှုအတွက် ဥပဒေကြောင်းအရ အကာအကွယ်ပြုရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းပါရှိပြီးဖြစ်ပါတယ်။ အဆိုရှင်တင်ပြသလို ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အချို့ဒေသတွေမှာ လူ့အသက်၊ ပစ္စည်းဥစ္စာ၊ နေအိမ်ဥပစာ လုံခြုံမှုဆိုတာ လုံးဝမရှိသေးပါဘူး။ အဲ့ဒီဒေသတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေဟာ အခြေခံဥပဒေပါ ပြဋ္ဌာန်းထားတဲ့အတိုင်း နိုင်ငံသားများ၏ မူလအခွင့်အရေးတွေ ဆုံးရှုံးလျက်ရှိနေတာကို တွေ့နေရပါတယ်။ လုံခြုံရေးလို့ပြောလိုက်ရင် ငြိမ်းချမ်းရေးဆိုတာ ပါလာစမြဲဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတော်တော်များများတွေမှာ ငြိမ်းချမ်းရေး မရှိလို့ ပြည်သူတွေဟာ လက်သည်မပေါ်တဲ့ အသက်သေဆုံးမှုတွေ၊ ပစ္စည်းဥစ္စာ ဖျက်ဆီး ခံရတာတွေ၊ လုယက်ခံရတာတွေ များစွာရှိပါတယ်။ စစ်ပွဲတစ်ပွဲဖြစ်ပြီဆိုရင် လက်နက်ကိုင်အဖွဲ့က ပစ်လိုက်တဲ့ လက်နက်ကြီးတွေ ထိမှန်ပြီးသေကြေပျက်စီးတာတွေ၊ အိုးအိမ်ပျက်စီး မီးလောင်တာ တွေ၊ ဆိုင်ခန်းတွေ၊ လုယက်ခိုးယူတာတွေ၊ မုဒိမ်းကျင့်ခံတာတွေ တွေ့ကြုံနေရပါတယ်။ လွန်ခဲ့သော ဒီဇင်ဘာလ (၁၄)ရက်နေ့ ပလောင် အချို့ဒေသ နမ့်ဆန်မြို့နယ် ကျောက်ဖြူရေး ကျေးရွာမှ မမြိုင်ဆိုတဲ့ အမျိုးသမီးဟာ သူတို့ရွာမှာ တိုက်ပွဲဖြစ်လို့ လုံခြုံတဲ့ရွာတစ်ရွာကို သွားနေ လိုက်ပါတယ်။ တစ်ပတ်ခန့်ကြာတဲ့အခါမှာ တိုက်ပွဲငြိမ်ပြီဆိုမှ အိမ်ကိုပြန်လာပါတယ်။ အခြားရွာသားတွေလည်းပါပါတယ်။ လမ်းမှာ တိုက်မိုင်းထိလို့ အဲဒီအမျိုးသမီးရဲ့ ဘယ်ဖက် ခြေထောက်ဟာ လုံးဝပြတ်သွားရပါတယ်။ အိမ်ရောက်တဲ့အခါမှာလည်းပဲ သူအိမ်မှာရှိတဲ့ ပစ္စည်းတွေအကုန်လုံး ဖျက်ဆီးလုယက်ခံထား ရတာတွေ့ရပါတယ်။ သူတို့သုံးနေတဲ့စောင်တွေ၊ ဖျာတွေဟာ သူတို့ရဲ့ ရွာလယ်ခေါင်လမ်းမှာ ပြန့်ကျဲစွာ စွန့်ပစ်ခံရတာကို တွေ့ရှိရပါတယ်။ အင်တာနက်မှာလည်း အထင်သားပေါ်ပါတယ်။ သူ့လိုအခြားရွာသားတွေလည်း အလားတူပဲ ဒီကိစ္စမျိုးတွေ့ကြုံနေရတာ ဖြစ်ပါတယ်။

စစ်ပွဲကိုအကြောင်းပြပြီး မင်းမဲ့စရိုက်ဆန်ဆန် ပြည်သူတွေကို နှိပ်စက်နေခြင်းပဲဖြစ်ပါတယ်။ ဒါတွေဟာ မိမိကိုယ်တိုင်တွေ့ကြုံနေတဲ့ မျက်မြင်တွေ့ရှိနေတဲ့ အဖြစ်မှန်ကိစ္စတွေပဲဖြစ်ပါတယ်။ နိုင်ငံတော်က နိုင်ငံသားတိုင်းသည် အခမဲ့ပညာရေးကို သင်ယူနိုင်သည်။ ကျောင်းနေ အရွယ်ရောက်တဲ့ ကလေးတိုင်းကျောင်းနေနိုင်သည်လို့သာ ပြဋ္ဌာန်းထားပေမဲ့ အဲ့ဒီစစ်ဖြစ်တဲ့ ဒေသကလေးတွေဟာ လက်နက်ကြီးသံ၊ ဗုံးဆံ၊ မော်တာဆံတွေကြားထဲမှာ ကြောက်ကြောက်နဲ့ ပြေးရင်းလွှားရင်း ဝေါ်တစ်ခါပြတ်တစ်လှည့်နဲ့ ကျောင်းဆိုတာ ဘယ်နေ

မှန်းတောင်မသိရှာကြ ပါဘူး။ အဲ့ဒီကလေးတွေအတွက် ကျောင်းဆိုတာ ပုံဆွဲပြီးပြရမဲ့ အနေအထားတောင်ဖြစ်နေပါတယ်။

လူထုတွေကလည်း အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်းမစားရဆိုတဲ့ မသေချာမရေရာတဲ့ ဘဝဆိုးတွေနဲ့ပဲ ကျင်လည်နေကြရပါတယ်။ ဒါကြောင့် ပြည်သူ့ဘဝလုံခြုံမှုရှိစေရေးအတွက် ငြိမ်းချမ်းရေးဆိုတာမဖြစ်မနေ တည်ဆောက်ကြဖို့အားလုံးမှာ တာဝန်ရှိကြပါတယ်။ အထူးသဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် လက်နက်ကိုင်အဖွဲ့များ စိတ်ရင်းစေတနာမှန်နဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်ကြပါစို့လို့ နေ့စဉ်နဲ့အမျှ ဒူးနဲ့မျက်ရည် သုတ်ရတဲ့ ရှမ်းမြောက်ဒေသက လူထုကိုယ်စား မေတ္တာရပ်ခံရင်း အဆိုရှင် ဒေါ်နန်းခင်ထားရီရဲ့ **“ရှမ်းပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရမှ စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုကို”** ရင်တွင်းခံစားချက်နှင့်အတူ ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆန်းဝင်းအောင်(ခ) ဦးအောင်အောင်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဆန်းဝင်းအောင်(ခ)ဦးအောင်အောင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ ဝန်ကြီးများလွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးဆန်းဝင်းအောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိ စေရန် ရှမ်းပြည်နယ် အစိုးရမှ စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း”** အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ယနေ့တိုင်းရင်းသားပြည်သူများ၏တူညီသော ယုံကြည်ချက်နှင့် အနာဂတ်မျှော်လင့်ချက်မှာ မိမိတို့၏ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးပင်ဖြစ်တယ်။ ဤကဲ့သို့

သော နိုင်ငံတော်တစ်ရပ်ဖြစ်ပေါ်လာရန်အတွက်မူ အဓိကမှာ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူများလုံခြုံမှုရှိရေးနှင့် အဓိက အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်နေတာကိုတွေ့ရှိရပါတယ်။ အဆိုရှင်၏ တင်ပြမှုတွင် ရှမ်းမြောက်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးရရှိစေရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း သိရှိရပါတယ်။ ရှမ်းအရှေ့ ဒေသများတွင်လည်း အဆိုရှင်တင်ပြခဲ့သလို လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများမရှိပေမဲ့ လုံခြုံရေးစည်းမရှိခြင်းကြောင့် အပြစ်မဲ့ ပြည်သူ (၄)ဦး နယ်စပ်မြို့ဖြစ်တဲ့ တာချီလိတ်မြို့လယ်တွင် လက်နက်ငယ်နှင့် ပစ်ခတ်သတ်ဖြတ်သွားသည့် တရားခံကို ယနေ့အထိ ဖော်ထုတ်အရေးယူနိုင်ခြင်း မရှိသေးတာကို ဝမ်းနည်းစွာ သိရှိရပါတယ်။ တာချီလိတ်မြို့လယ်ခေါင် ရွှေဆိုင်များတွင်လည်း ဝင်ရောက်စီးနင်းလုယက်သွားတာကို သတင်းဌာန၊ ဆိုရှယ်မီဒီယာတွေမှာ တွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြခဲ့သလို ရှမ်းပြည်နယ်လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် လောင်းကစားဝိုင်းများ၊ မူးယစ်ဆေးဝါးများနှင့် စပ်လျဉ်းသည့် အဆိုကိုလည်း အောင်မြင်ထားပြီး ဖြစ်ပါတယ်။ အရေးယူဆောင်ရွက်မှု မရှိသောကြောင့် တစ်ဖက်နိုင်ငံမှ နယ်စပ်မြို့ဖြစ်တဲ့ တာချီလိတ်မြို့နယ်အတွင်း Online Game များနှင့် လောင်းကစားမှုများကို ဥပဒေမဲ့လာရောက်ကစားနေတာကို တွေ့ရှိရပါတယ်။ ဥပဒေအရ တားဆီးပိတ်ပင် အရေးယူဆောင်ရွက်မှု မရှိတာကို သိရှိရပါတယ်။ ထွန်းသစ်စမြို့သစ်များတွေဆီကို လာမည့် (၁၀)နှစ်၊ နှစ် (၂၀)အတွင်း ဖြစ်လာနိုင်တဲ့ ငွေကြေးရင်းနှီးမြှုပ်နှံမှုတွေအတွက် နေချင်စဖွယ် ကောင်းပြီး အကျိုးအမြတ်ဖြစ်ထွန်းတဲ့ မြို့ပြတွေကတော့ ဒီလိုအခွင့်အရေးတွေကို ဆုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုမြို့ပြတွေ ဖြစ်ထွန်းဖို့ဟာဆိုရင်လည်း အဓိက ရပ်ရွာအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှုရှိမှသာလျှင် ဖြစ်ထွန်းနိုင်မှာ ဖြစ်ပါတယ်။ အဆိုရှင်ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ တင်ပြသွားသည့် **"ရှမ်းပြည်နယ်အတွင်း တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရ အနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံဆွေးနွေး ပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက အကြံပြုဆွေးနွေးထားတာဖြစ်ပါတယ်။ ယခု ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (င) အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာကြပါသော ဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ ကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော့်အနေနဲ့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ တင်သွင်းသည့် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်သူ လူထုအတွက် **"ရှမ်းပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းလာမှုနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်က ရှင်းလင်းဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်သူများ တရားဥပဒေစိုးမိုးမှုရှိစေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေး၊ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံမှုရှိစေရေးတို့အတွက် မူးယစ်ဆေးဝါး တာဆီးနှိမ်နင်းရေး၊ ပြစ်မှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံချက်များ ရေးဆွဲကာ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မှုခင်းများ လျော့နည်းကျဆင်းရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်ခြင်း၊ ပြစ်မှုကျူးလွန်တတ်သူများ၊ ကျူးလွန်ရန်အလားအလာရှိတဲ့ ခိုးဆိုးလုနှိုက်များအား စောင့်ကြပ်ထိန်းသိမ်ခြင်း၊ ဒုစရိုက်မှုများ ပပျောက်ရေးအတွက် မှုခင်း အသိပညာပေး ဟောပြောမှုများ ဆောင်ရွက်ပေးခြင်း၊ ပြစ်ဒဏ်ကျူးလွန်သူများကို ထိရောက် ဟန့်တားလောက်သော ပြစ်ဒဏ်များရရှိရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါ တယ်။

ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်သူများ တရားဥပဒေစိုးမိုးမှု ရှိစေရေးနှင့် အသက်အိုးအိမ်စည်းစိမ်များ လုံခြုံမှုရှိစေရေးအတွက် မြို့မရဲစခန်း (၅၀)ခု၊ နယ်မြေစခန်း (၆၆)ခု၊ ရဲကင်းစခန်း (၁၆)ခု၊ လုံခြုံရေးရဲကင်း (၁၇၆)ခု ဖွင့်လှစ်၍ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာမှာ ၁- ၁- ၂၀၁၉ ရက်နေ့မှ ၃၁- ၁၀- ၂၀၁၉ ရက်နေ့အထိ လောင်းကစားမှု (၁၀၈)မှု၊ လက်နက်ပုန်း (၂၅၂)မှု၊ ခြေချုပ် (၂၅၅)မှု၊ ယစ်မျိုး (၁၈၃)မှု၊ ပြည့်တန်ဆာ(၁)မှု၊ မူးယစ်ဆေးဝါး (၂၄၀၈)မှု၊ ရဲအက် (၂၃၅)မှု၊ ကျင့်ထုံးပုဒ်မ ၅၄ (၁၅၂)မှု၊ မော်တော်ယာဉ် (၄၉၀၀)မှု များကို စစ်ဆေးဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းစဉ်များကို စီမံချက်များရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ ပြည်သူများမှ ပါဝင်လက်တွဲဆောင်ရွက်ပေးမှသာ တရားဥပဒေ စိုးမိုးရေး နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါဖြင့် သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ တင်ပြသွားသည့် **“ ရှမ်းပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း”** အဆိုနှင့် ပတ်သက်၍ အတည်ပြုသင့်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ် အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြုရန် သဘောတူတဲ့အတွက် ဒေါ်နန်းခင်ထားရီ တင်သွင်းသော အဆိုကို အတည်ပြုနိုင်ရေးအတွက် လွှတ်တော်ရဲ့ဆန္ဒရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေါ်နန်းခင်ထားရီ တင်သွင်းတဲ့ အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျာ။ သဘောမတူသူ မရှိတဲ့အတွက် ဒေါ်နန်းခင်ထားရီ၏ အဆိုကို အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။